# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာရောက်သော မြန်မာနိုင်ငံသားများအတွက်
# သတိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသားများသည် ယခုအခါတွင် ဥရောပဒေသသို့ အလည်အပတ်ခရီး ပိုမို သွားရောက်လာကြပြီး ၊ ခရီးသွားအုပ်စုများအတွင်း ခါးပိုက်နှိုက်ခံရခြင်း ၊ မြန်မာနိုင်ငံကူး လက်မှတ် ပျောက်ဆုံးခြင်းများကြုံရလေ့ရှိပါကြောင်း၊ အထူးသဖြင့် ငွေသားကိုင်ဆောင်တတ်သည့် အာရှခရီး သွားများအား အလစ်သမားများက အုပ်စုဖွဲ့ချောင်းမြောင်းကာလုယက်ကြသည့်အပြင် အမျိုးသမီး ၊ သက်ကြီးရွယ်အို ၊ ကလေးငယ်များနှင့် ကလေးအမေများကလည်း ခါးပိုက်နှိုက် လေ့ရှိပါကြောင်းသိ ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ ၊ မြန်မာနိုင်ငံကူး လက်မှတ်ကိုင် ဆောင်ထားသူ မြန်မာနိုင်ငံသား ခရီး သွားများ၊ သင်တန်းသားများ၊ အစိုးရတာဝန်ဖြင့် ရောက်ရှိလာသူများနှင့် အကြောင်းအမျိုးမျိုးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိလာကြသူများ အနေဖြင့် အထက်ဖော်ပြပါ ကိစ္စရပ်များ မဖြစ်ပွားရေး ဂရုပြုကြပါရန်နှင့်အကယ်၍၊ မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးခဲ့ပါက အောက်ဖော်ပြ ပါလုပ်ငန်း အဆင့် ဆင့် အတိုင်းဆောင်ရွက်ကြပါရန်အသိပေးအပ်ပါသည်-

(က) ခါးပိုက်နှိုက်ခံရကြောင်း၊ပျောက်ဆုံးကြောင်းသိရှိသည်နှင့် ပျောက်ဆုံးသည့်နေ ရာရှိရဲစခန်းသို့အမှုဖွင့်တိုင်ကြားပြီးပျောက်ဆုံးကြောင်း ထောက်ခံစာ ရယူထား ရန်။(နိုင်ငံကူးလက်မှတ်အမှတ်၊ ထုတ်ပေးရက်စွဲ၊ကုန်ဆုံးရက်စွဲများ လိုအပ်ပါ မည်။)

(ခ) နိုင်ငံကူးလက်မှတ်အသစ်(သို့မဟုတ်)တစ်ခါသုံးနိုင်ငံသားဖြစ်ကြောင်းထောက် ခံချက်(C of I )ထုတ်ယူ ရရှိရေးအတွက် မိမိတို့သံရုံးသို့ အောက်ပါအချက် အလက်များနှင့်အတူလာရောက်ဆက်သွယ်အကြောင်းကြားရန်-

(၁) မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ(သို့မဟုတ်)နိုင်ငံကူးလက်မှတ်အမှတ်၊ ထုတ်ပေးရက်စွဲ၊ကုန်ဆုံးရက်စွဲ၊

(၂) လိုင်စင်ဓါတ်ပုံ(၃) ပုံ

(၃) ရဲစခန်းမှပျောက်ဆုံးကြောင်းထောက်ခံစာ

(ဂ) မြန်မာသံရုံး ၊ ဒါကာသို့ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်များ


| | | |
|---|---|---|
| MISSION | : | EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR DHAKA (GMT + 06:00) |
| COUNTRY | : | PEOPLE'S REPUBLIC OF BANGLADESH |
| ADDRESS | : | HOUSE NO. 2, ROAD NO. 11, BARIDHARA MODEL TOWN, DHAKA 1212 |
| TEL NOS | : | (88-02) 988 8903, 989 6331, 989 6298, 989 6373, 988 9215 |
| FAX NO | : | (88-02) 882 3740 |
| E-MAIL ADDRESS | : | mynembdk@dhaka.net |
| WEBSITE | : | www.myanmarembassydhaka.com |